## တိုင်းပြည်တွင် ပြန်လည်နေရာချထားရေးအစီအစဉ်အပေါ်
## ကရင်ဒုက္ခသည်ကော်မတီ ( KRC ) ၏သဘောထား

မြန်မာနိုင်ငံတွင်း၌ ၁၉၇၄ ခုနှစ်ဧပြီလမှစပြီး ဒုက္ခသည်များ စတင်ပေါ်ပေါက်လာခဲ့ပါသည်။ မြန်မာနိုင်ငံတွင်ပြည်တွင်းစစ်၊ တိုင်းရင်းသားလူမျိုးစုများ လက်နက်ကိုင်ပဋိပက္ခ၊ စစ်အုပ်ချုပ်ရေးနှင့်ဒီမိုကရေစီအခွင့်အရေးနည်းပါးမှုကြောင့် မြန်မာပြည်လူထုအချို့သည် တစ်ဖက်ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခိုလှုံခဲ့ကြပါသည်။

ယခုနှစ် (၂၀၁၃ ) အတွင်းထိုင်းနိုင်ငံတွင်းလာရောက်ခိုလှုံခဲ့သည့်နှစ်ပေါင်း (၃၉) နှစ် သို့ချဉ်းနင်းဝင်ရောက်လာခဲ့ပါသည်။ သက္ကရာဇ် (၂၀၁၀ ) ခုနှစ်မှစပြီး မြန်မာစစ်အုပ်ချုပ်မှုအစိုးရအတွင်း ပြောင်းလဲမှုများအပေါ်ထိုင်းနိုင်ငံရှိ ဒုက္ခသည်များ ပြည်တော်ပြန်နိုင်ရေးအစီအစဉ်ကို ချမှတ်လာနိုင်ဘွယ်ရာရှိလာခဲ့ပါသည်။ ပြည်တွင်း၌ စစ်မှန်သောငြိမ်းချမ်းရေး၊ တည်ငြိမ်သောနိုင်ငံရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီထွန်းကားရေးအခြေအနေမှာ ပေါ်ထွန်းလာလျှင်ပြည်တော်ပြန်နိုင်ရေး အစီအစဉ်ကိုအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ KRC ကရင်ဒုက္ခသည်များကော်မတီမှ အောက်ပါပြန်လည်နေရာချထားရေးနှင့် ပတ်သက်သည့် သဘောထားများကိုထုတ်ပြန်ကြေညာအပ်ပါသည်။

(၁) ပြည်တွင်းစစ်ချုပ်ငြိမ်းရမည်။

(၂) ပြည်တွင်း နိုင်ငံရေးပြဿနာများကိုဖြေရှင်းပြီး စစ်မှန်သောငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရမည်။

(၃) နိုင်ငံတကာလူ့အခွင့်အရေးများကို အသိအမှတ်ပြုကျင့်သုံးသွားရမည်။

(၄) ပြည်လည်နေရာချထားရေးဒေသများ လုံခြုံမှုရှိရမည့်အပြင် မိုင်းများနှင့်ကင်းလွတ်သည့်နေရာများဖြစ်ရမည်။

(၅) အိမ်ထောင်စုများအတွက် လယ်ယာမြေများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုံလောက်စွာလုပ်ဆောင်နိုင်သည့်ဒေသဖြစ်ရမည်။

(၆) ဒုက္ခသည်စခန်းအတွင်းရှိ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကြောင်းအတွက်ထောက်ခံသည့် စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုအသိအမှတ်ပြုရမည်။

(၇) အတင်းအဓ္ဓမပြန်လည်ပို့ဆောင်ရေးကိုကန့်ကွက်သည်၊ မိမိဆန္ဒဖြင့်သာပြန်လည်ပို့ဆောင်ရေးကိုကောက်ခံသည်။

(၈) ပြင်ဆင်မှုအတွက် လုံလောက်သောအချိန်ကာလရှိရမည်။

(၉) ပြန်လည်နေရာချထားရေးကော်မတီများအား နေရာဒေသကြည့်ရှုစီစစ်ရေး၊ ကိုယ်တိုင်သတင်းအချက်အလက်ရယူရေးကို ခွင့်ပြုအားပေးရမည်။

(၁၀) ကရင်ဒုက္ခသည်ကော်မတီ ( KRC ), UNHCR, ထိုင်းအစိုးရ၊ မြန်မာအစိုးရ၊ နိုင်ငံတကာလူ့အဖွဲ့အစည်း ( INGOs )၊ အစိုးရမဟုတ်သောအဖွဲ့အစည်း ( NGOs )၊ အခြေခံလူမှုရေးအဖွဲ့အစည်း (CBOs )၊ အခြေခံဒေသလူမှုအဖွဲ့အစည်းများမှ မြန်မာနိုင်ငံတွင် အခြေအနေကောင်းမွန်ပြီဖြစ်ကြောင်း အသိအမှတ်ပြုသည့်အချိန်မှစပြီး ပြန်လည်နေရာချထားရေး အစီအစပ်ကိုစတင်ရမည်ဖြစ်သည်။

ဆွက်သွယ်ရန် –

ဆရာ၊ရောဘတ်ထွေး (၀၈၉-၈၅၈-၉၂၆၅)

ဆရာမ၊ဘလူးမစ်နိုက်ဇန် (၀၈၈-၅၄၅-၅၇၄၆)